# မင်းမြတ်သူရ

# မြွေဝါတောင် နတ်မင်း

ဒုတိယအကြိမ်



လွန်ခဲ့သောနှစ် ၂၀ခန့်က ပရိသတ် အရူးအမူး နှစ်သက်ခဲ့သော စာအုပ်

တစ်နေ့သ၌ အုတ်ဖိုဘူတာရုံကလေးနှင့် မလှမ်းမကမ်းတွင် ရှိသော ထမင်းဆိုင်ကလေးသို့ ညနက်သောအချိန်မှ ပင် ထမင်းစားမည့်သူများ ရောက်ရှိ လာလေ၏။

ထိုသူများ သည် စုစုပေါင်း လူ(၉) ယောက်တိတိပါဝင်ပြီး လွန်စွာကြီးမားသော အိတ်ကိုယ်စီ လွယ်ထားကြပြီး သက္ကလပ်ဘောင်းဘီ၊ ကုတ်အင်္ကျီနှင့် ဦးထုပ်ကိုယ်စီဆောင်းထားကြသဖြင့် ၎င်းတို့ ၏ ပုံသဏ္ဍာန်မှာ သာမန်ခရီးသွားများ နှင့် ခြားနားနေလေ၏။

ထိုသူများ အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက အခန်းထောင့်ရှိ ခုံပေါ်ကိုခေါင်းတင်၍ မှေးစက်နေသော လူရွယ်လေးတစ်ဦး၏ အနီးသို့ လျှောက်သွားပြီး

"ဟေ့ကောင်လေး.. ထစမ်း... ဘာတွေရဦးမလဲ"

ဟု မေးမြန်းလိုက်ရာ ကောင်လေးသည် ရုတ်တရက် လန့်နိုး လာပြီး ခရီးသည် များကို တအံ့ တဩ မျက်လုံးပွတ်သပ်ကြည့်လေ၏။ ခေါင်းဆောင်လူကြီးက တဟားဟားရယ်မော၍

"ဟား... ဟား... ဟား... ဟေ့ကောင်လေး.. ဘာကြောင်ကြည့်နေတာလဲ၊ ထမင်းစားဖို့ လာတာကွ"

ဟု ပြောလေ၏။ လူရွယ်လေးသည် အိပ်ချင်မူးတူးဖြင့် သမ်းဝေလိုက်

ပြီး ထိုသူများကိုကြည့် ၍

“ဒီအချိန်ကြီးမှ ရောက်လာတယ်၊ ဆိုင်သိမ်းပြီဗျ၊ ဘာမှ မရှိတော့ဘူး၊ ဆိုင်ရှင် မမြရင်တောင် ပြန်သွားပြီ”

ဟု ပြောလေ၏။ ထိုအခါ ခရီးသွားအုပ်စုမှ ထောင်ထောင် မောင်း မောင်းလူတစ်ယောက်က..

“ဘာမှ မရှိလည်း ရှိတာကို အမြန်ဆုံးသွားလုပ်စမ်း၊ ငါတို့ ဗိုက်ဆာနေပြီ၊ မနေနိုင်ရင် မင်းတစ်ကိုယ်လုံး အိုးထဲထည့်ပြီး စွပ်ပြုတ်လုပ်သောက်လိုက်မယ်”

ဟု လေသံမာမာဖြင့် ကြိမ်းမောင်းလေ၏။ လူရွယ်က ၎င်းတို့ ကို စိုက်ကြည့်၍ စိတ်ရှုပ်ဟန် ဖြင့် ခေါင်းကုတ်လိုက်ပြီး..

“ကျုပ်က ဆိုင်ရှင် မဟုတ်ဘူး ၊ စားပွဲထိုးဗျ၊ ဆိုင်ရှင်က မနက်ကျမှ ဆိုင်ကိုလာဖွင့်လိမ့်မယ်”

ဟု ပြောလေရာ ခရီးသွားအုပ်စုထဲမှ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ရှိသော ခေါင်းဆောင်က

“ဘာပဲဖြစ်ဖြစ် စားစရာတစ်ခုခုဖြစ်အောင် အမြန်ဆုံးသွားစီစဉ်စမ်းကွာ၊ ထမင်းစားပြီးရင် ဒီဆိုင်မှာ ပဲ ငါတို့ ညအိပ်မယ်၊ ကျသင့်ငွေကို မင်း ဆိုင်ရှင်လာမှ ငါတို့ ကျသလောက်ရှင်းမယ်”

ဟု ပြောရင်း နံရံပေါ်ရှိ ဟောင်းနွမ်းသော တိုင်ကပ်နာရီကြီးကို မော့ကြည့်ကာ

“အခု ည ၁၀ နာရီရှိပြီ၊ ၁၁ နာရီထိုးရင် စားပွဲပေါ်ကို စားစရာရောက်အောင် ပို့ပေးရမယ်၊ ၁၁ နာရီထိုးလို့ မှ ငါတို့လိုချင်တာ မရရင် မင်းတစ်ကိုယ်လုံး အပိုင်းပိုင်းအထစ်ထစ် ခုတ်ပြီး မီးဖိုထဲမှာ ကင်စားလိုက်မယ်”

ဟု ခြိမ်းခြောက် လိုက်လေ၏။ လူငယ်လေးသည် လူကြီးသူကြမ်းများ ၏ ပုံသဏ္ဌာန်ကို ကြည့်၍ ထိတ်လန့်သွားပြီး ၎င်းတို့ကို စောဒက မတက်ရဲတော့ဘဲ မီးဖိုခန်းသို့ဝင်ကာ အမြန်ဆုံး မီးမွှေးရလေ၏။ မီးတောက်သောအခါ ထမင်းတစ်အိုးတည်ရ၏။ ထမင်းမကျက်မီ ကြောင်အိမ်ထဲသို့ ကြည့်ရှုလေရာ ဘဲဥနှင့် ငါးခြောက်များကို တွေ့ရသဖြင့် ဘဲဥချဉ်ရည်ဟင်းချက်ရန် ပြင်ဆင်လေ၏။

လူငယ်သည် ထမင်းဟင်းချက်ပြုတ်တတ်သူဖြစ်သဖြင့် ဘဲဥချဉ်ရည်ဟင်းနံ့သည် မိုက်ဆာ နေသော ခရီးသွားများ ထံသို့ ရောက်ရှိသွားလေရာ ခေါင်းဆောင်က မိုက်ဆာလာဟန်ဖြင့်

"အမြန်ဆုံးချက်ဟေ့... ဟင်းနံ့ကမွှေးတော့ ဗိုက်ပိုဆာ လာပြီ"

ဟု အော်ဟစ်လေ၏။ လူရွယ်သည် ခဏကြာလျှင် အငွေ့တစ်ထောင်းထောင်းထနေသော ထမင်းဟင်းများကို ပြင်ဆင်ပြီး ခရီးသွားများ ထံသို့ ရောက်ရှိသွားလေရာ ၎င်းတို့ သည် ချေးအထပ်ထပ်တက်နေသော စားပွဲခုံကြီးနှစ်လုံးကိုဆက်၍ အသင့်ပါလာသော အရက်များကို သောက်နေလေ၏။ ၎င်းတို့ ၏ သားရေအိတ်ကြီးများကို အခန်းထောင့်ရှိ စားပွဲခုံပေါ်တွင် စုံပြုံတင် ထား၏။ လူရွယ်လေးက စားပွဲပေါ်သို့ ထမင်းဟင်းများ ပို့ပေးသောအခါ ခရီးသွားအုပ်စုသည် မြိန်ရှက်စွာ စားသောက်လေ၏။ ၎င်းတို့ စားသောက်ပြီးသောအခါ လူရွယ်က ပန်းကန်ခွက်ယောက် များကို သိမ်း၍ ထိုနေ့ညနေအိပ်စက်ရန် စီစဉ်ပေးရလေ၏။ အခန်းထောင့်ရှိ စားပွဲခုံများကို တစ်ဖက်သို့ နေရာရွှေ့၍ ထိုသူများကို အိပ်စက်စေ၏။ ခရီးသွားများ သည် သားရေအိတ်ကြီးများကို ကိုယ်စီပိုက်၍ အိပ်စက်လေတော့၏။

ထိုအခါမှ ပင် လူရွယ်လေးသည် ဆိုင်ကလေး၏ ထပ်ခိုးပေါ်သို့ တ

က်ကာ အိပ်စက်ရန် ကြိုးစားလေတော့၏။ သို့သော် အိပ်ရာထဲသို့ ရောက်သည် အထိ အိပ်မပျော်နိုင်ဘဲ ခရီးသွား လူကြမ်း သူကြမ်းများကို တွေးတောနေမိ၏။ ထိုသူများ သည် သာမန်ခရီးသွားများ ဟုတ်ဟန်မတူပေ။ စကားအပြောအဆို ကြမ်းတမ်းခက်ထန်၏။ ၎င်းတို့ သည် မည်သည့်အတွက်ကြောင့် ညအချိန်မတော် ဤမြို့လေးသို့ ရောက်ရှိလာသည် မသိ။ ခရီးသွားများ ၏ ခေါင်းဆောင်သည် အိပ်ကာနီးတွင် ကုတ်အင်္ကျီကို ချွတ်ရန်ပြင်လိုက်ရာ ၎င်း၏ ခါးကြား၌ ဖွက်ထားသော သေနတ်တစ်လက်ကို တွေ့ရ၏။ ထိုသူများ သည် သူခိုးဓားပြများ ဖြစ်လေသလားမသိ...။

*

နောက်တစ်နေ့နံနက်တွင် ဆိုင်ရှင် မမြရင်သည် မနက်စောစောထ၍ ထမင်းဆိုင်သို့ ရောက်သောအခါ ထမင်းဆိုင်၏ တံခါးမကြီးပွင့်နေသဖြ င့် မျက်လုံးပြူးသွား၏။ ဆိုင်ထဲသို့ မျက်လုံး ဝေ့ကြည့်လိုက်ရာ ခရီးသွား များ ၏ ခြင်ထောင်ကိုမြင်သဖြင့် ကျယ်လောင်သောအသံဖြင့်

"ဟဲ့ ငါ့ဆိုင်မှာ ဘယ်က ကလေကချေတွေ လာအိပ်နေတာလဲ၊ အော င်လံ၊ အောင်လံ ဘယ်ရောက်နေသလဲ"

ဟု စားပွဲထိုးလူငယ်ကို အော်ဟစ်ခေါ်ဝေါ်လိုက်ရာ သူမ၏ စကားမ ဆုံးမီ ပါးစပ်ထဲသို့ တစ်စုံ တစ်ရာဖြင့် ထိုးထည့်ခံရသဖြင့် ထိုအရာကို က မန်းကတန်း ဆွဲထုတ်ကြည့်လေ၏။

ထိုအခါ ပါးစပ်ထဲမှ ငွေစက္ကူများ ထွက်လာသဖြင့် တအံ့တဩဖြစ် နေစဉ် သူ၏ အနီးရှိ စားပွဲခုံ ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော လူတစ် ယောက်ကို မြင်ရလေ၏။ ထိုသူက ဖတ်လက်စ စာအုပ်ကို စားပွဲခုံပေါ်သို့ ချ၍

"ဒီမှာ ကျုပ်တို့ ညက ဒီဆိုင်မှာ ထမင်းစားတယ်၊ ညလဲတစ်ညအိပ် တယ်၊ ဒါကြောင့် ကျသင့်တဲ့ အခကြေးငွေကိုပေးတာ၊ အဲ့ဒီပိုက်ဆံတွေ အပိုင်ယူလိုက်တော့"

ဟု ပြောလေရာ ပိုက်ဆံမက်သော မမြရင်သည် ကျသင့်သော အခကြေးငွေထက် များ စွာ ပိုလျှံနေသဖြင့် အလွန်သဘောကျသွားပြီး

တဟင်းဟင်းရယ်မောကာ

"ဩော်၊ ဧည့်သည် တွေရောက်နေတာကိုး၊ ကျွန်မ မသိပါဘူးရှင် အောင်လံဆိုတဲ့ ကောင်လေးက နမော်နမဲ့ နိုင်လွန်းလို့ "

ဟု ပြောလေ၏။ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ရှိသော လူကြီးက မမြရင်ကို စကားမတုံ့ပြန် တော့ဘဲ စာအုပ်ကြီးကို ပြန်ယူလိုက်ပြီး

"ကျုပ်တို့ ဒီနေ့မနက်စာကို ဒီဆိုင်မှာ ပဲစားမယ်၊ အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါ၊ ကျသင့်ငွေကို ထပ်ပေးမယ်"

ဟု လေသံမာမာဖြင့် ပြောလိုက်ရာ မမြရင်သည် ကမန်းကတန်း ခေါင်းညိတ်၍ ဈေးဝယ်ရန် ပြင်ဆင်လေတော့၏။

စားပွဲထိုးလူငယ်လေး အောင်လံကိုလည်း ဆူပူကြိမ်းမောင်း၍ အမြန်ဆုံးမီးမွှေး၍ ရေနွေးအိုး တည်ရန် ပြောလေ၏။

အောင်လံက ပိုက်ဆံမက်သော မမြရင်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး စားပွဲခုံပေါ်တွင် အသင့်တည်ထားသော ရေနွေးကရားကို လက်ညှိုးထိုးပြလိုက်ရာ မမြရင် ပါးစပ်ပိတ်သွားလေ၏။

မမြရင်သည် ဈေးမှ ဟင်းချက်စရာများကို ဝယ်ယူ လာပြီး ချက်ပြုတ်နေစဉ်တွင် ခရီးသွား တစ်စုသည် ဆိုင်၏ ထောင့်တစ်နေရာတွင် ထိုင်၍ စာရွက်တစ်ခုကို ဖြန့်ခင်းကာ ကြည့်ရှုနေလေ၏။

အောင်လံသည် ခရီးသွားများ အတွက် ရေနွေးကြမ်း၊ ထန်းလျက်၊ ပဲကြီးလှော်များကို စီစဉ် ပေးရင်း စာရွက်ကြီးကို မသိမသာကြည့်လိုက်ရာ မြေပုံတစ်ခုဖြစ်နေလေ၏။

လူရွယ်သည် ခေါင်းချင်းဆိုင်ကြည့်နေသော လူအများ ၏ အကြားမှ တိုးဝှေ့ကြည့်လိုက်သော အခါ အုတ်ဖို၊ ထန်းပင်ကုန်းနှင့် စိန်ကန့်လန့်ဝ

န်းကျင်ရှိ ရွာများကို မြေပုံဆွဲထားခြင်းဖြစ်သဖြင့် စိတ်ဝင်စားစွာ ကြည့်လိုက်လေ၏။

ထိုအခါ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိသော ခေါင်းဆောင်က နောက်သို့လှည့်ကြည့်၍

"ဘာကြည့်တာလဲ ကောင်လေး"

ဟု မေးမြန်းလေရာ လူရွယ်က ခေါင်းကုတ်၍

"ကျုပ်တို့ ရွာ မြေပုံထဲပါသလားလို့ ကြည့်တာပါ"

ဟု ဖြေလေ၏။ ထိုအခါ ခရီးသွားများ ၏ ခေါင်းဆောင်က

"မင်းတို့ ရွာက ဘယ်နားမှာ ရှိသလဲ"

ဟု မေးလေ၏။ လူရွယ်က မြေပုံကို သေချာစွာကြည့်လိုက်၍ ထန်းပင်ကုန်းနှင့် စိန်ကန့်လန့်အကြားရှိ နေရာတစ်ခုကို လက်ဖြင့် ထောက်ပြလိုက်လေ၏။

လူရွယ်လက်ထောက်ပြသော နေရာကိုကြည့်သော ခေါင်းဆောင်ဖြစ်သူက စိတ်ဝင်စားစွာဖြင့်

"မင်းတို့ ရွာ ပတ်ဝန်းကျင်မှာ စမ်းချောင်းတစ်ခု စီးနေတယ်မဟုတ်လား"

ဟု မေးမြန်းလေ၏။ လူရွယ်က ခေါင်းညိတ်၍

"ဟုတ်တယ်၊ စမ်းချောင်းက ရွာကိုပတ်ပြီး စီးနေတယ်၊ ရွာမှာ ဝါဆိုပန်းခူးထွက်တဲ့ အခါ စမ်းချောင်းထဲမှာ လှေစီးပြီး တောထဲကို သွားကြတယ်"

ဟု ပြောလေရာ ခရီးသွားလူစုသည် တစ်ယောက်မျက်နှာ တစ်ယော

က်ကြည့် လိုက်လေ၏။ ၎င်းတို့ ခေါင်းဆောင်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး

"မင်းတို့ ရွာ ပတ်ဝန်းကျင်မှာ အုတ်ဂူဟောင်းတွေ ဘာတွေ ရှိသလား
"

ဟု မေးမြန်းလေ၏။

လူငယ်က မျက်မှောင်ကြုတ်၍

"ရွာထိပ်က သင်္ချိုင်းမှာ တော့ အုတ်ဂူရှိတာပေါ့၊ ဒါပေမဲ့ အုတ်ဂူက သိပ်မများ ပါဘူး၊ လယ်ပိုင်ရှင်ကြီး ဦးရွှေလူတို့ လင်မယားရယ်၊ သူဌေး ဦးဘလှရယ်၊ နောက် ဒေါ်ရွှေပုကြီးရယ်"

ဟု လက်ချိုးရေတွက်ပြလေရာ ခေါင်းဆောင်က စကားကိုဖြတ်၍ လက်ကာပြကာ

"သင်္ချိုင်းက အုတ်ဂူကိုပြောတာ မဟုတ်ဘူး ကွ၊ သင်္ချိုင်းမဟုတ်တဲ့ နေရာမှာ တစ်လုံးတည်းရှိ နေတဲ့ ရှေးဟောင်းအုတ်ဂူတွေ ဘာတွေရှိသလားလို့ မေးတာ"

ဟု မေးမြန်းလေ၏။ လူရွယ်က ခေါင်းခါ၍

"သင်္ချိုင်းမှာ ပဲ အုတ်ဂူရှိတယ်၊ ဒီပြင်နေရာမှာ ဘယ်ရှိပါ့မလဲ"

ဟု ဖြေလေ၏။ ၎င်းတို့ ၏ ခေါင်းဆောင်က မြေပုံစာရွက်ကို ပြန်ခေါက်၍ လူရွယ်၏ ဘက်သို့ လှည့်ကာ

"သေသေချာချာ စဉ်းစားပါဦးကွာ၊ အုတ်ဂူက ရှေးဟောင်းအုတ်ဂူကွ၊ မင်းတို့ ရွာ ပတ်ဝန်းကျင်မှာ ပဲရှိတယ်၊ နှစ်တွေအများကြီး ကြာပြီဆိုတော့ ချုံတွေဖုံးရင် ဖုံးနေမှာ ပေါ့"

ဟု ပြောလေရာ လူရွယ်သည် ခေါင်းဆောင်၏ စကားကြောင့် ငယ်စဉ်ဘဝကို ပြန်လည်သတိရ၏။

သူ၏ ဖခင်သည် ပဲခူးရိုးမသို့ သစ်ခုတ်သောအဖွဲ့နှင့် လိုက်ပါပြီး ငှက်ဖျားမိကာ အသက်ဆုံးခဲ့ရ၏။

မိခင်သည် မုဆိုးမဘဝဖြင့် တစ်အိမ်တက်တစ်အိမ်ဆင်း ပင်ပန်းကြီးစွာ လုပ်ကိုင်ရင်း ကျွေးမွေးပြုစုခဲ့၏။

ငယ်စဉ်က မိခင်မရှိခိုက် ရွာနှင့်အလွန်ဝေးကွာသော တောစပ်သို့ သူငယ်ချင်းများ နှင့် ဆော့ကစားခဲ့ဖူး၏။

လေးဂွကိုယ်စီကိုင်၍ တိရစ္ဆာန်ငယ်လေးများကို ပစ်ခတ်၏။ သရက်သီး၊ မာလကာသီး စသောအသီးများကို ခူးဆွတ်ကြ၏။

ရွှံ့ပျော့ပျော့ကို လောက်စာလုံးလုပ်၍ လေးဂွကိုယ်စီဖြင့် စစ်တိုက်တန်းကစားခဲ့ကြ၏။

တစ်ခါက သူငယ်ချင်းများ နှင့် စစ်တိုက်တမ်းကစားရင်း ၎င်းတို့ ကို အပေါ်စီးမှ တိုက်ခိုက်ရန် တောင်ကုန်းတစ်ခုပေါ်သို့ တွယ်ကပ်တက်ခဲ့၏ ။

တောင်ကုန်းပေါ်သို့ရောက်သောအခါ ချုံနွယ်များကို အကာအကွယ်ပြု၍ သူငယ်ချင်းများကို ချောင်းမြောင်း၏။

သူ၏ သူငယ်ချင်း ဖိုးတာသည် တောင်ကုန်းအနီးသို့ ပုန်းလျှိုးကွယ်လျှိုး ရောက်လာသော အခါ လေးဂွဖြင့် ဦးစွာပစ်လိုက်နိုင်၏။

“ဟားဟားဟား… ဘယ်ရမလဲ ဖိုးတာရယ်၊ မင်းတို့ ထက် လျင်လို့ ဒီလိုလုပ်တာကွ”

ဟု ကြွေးကြော်ရင်း ခုန်ဆွခုန်ဆွ ပြုလုပ်ပြလေရာ အရှိန်လွန်ပြီး တောင်ကုန်းတစ်ဖက် လှိုဏ်ထဲသို့ လိမ့်ကျသွားခဲ့၏။

လှိုဏ်ထဲသို့ တရွတ်တိုက်ကျသွားသဖြင့် ဒဏ်ရာအနာတရ မရှိခဲ့သော်လည်း အပေါ်သို့ ခက်ခက်ခဲခဲ ပြန်တက်ခဲ့ရ၏။

သူ၏ သူငယ်ချင်းများက နွယ်ကြိုးတစ်ချောင်းကိုရှာပြီး လှိုဏ်ထဲသို့ ပစ်ချပေးခဲ့၏။

နွယ်ကြိုးကိုဆွဲ၍ လှိုဏ်ပေါ်မှ ပြန်တက်လာခဲ့ရ၏။

ထိုစဉ်က လှိုဏ်ထဲသို့ ကျခဲ့စဉ် ထူးဆန်းသော အုတ်ဂူတစ်လုံးကို သတိထားမိလိုက်၏။

လှိုဏ်ကြီးထဲတွင် ရှေးဟောင်းအုတ်ဂူတစ်လုံးရှိနေခြင်းကို သူငယ်ချင်းများကို ပြန်ပြောသော အခါ ၎င်းတို့ သည် မယုံကြပေ။

မိမိအား လိမ်ညာပြောဆိုသူဟု စွပ်စွဲပြီး ဝိုင်းဝန်းပြောင်လှောင်ကြလေ၏။

အောင်လံသည် ငယ်စဉ်ဘဝကို ပြန်တွေးပြီး တခဏမျှ ငြိမ်သက်နေစဉ် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိသော လူကြီးက သူ၏ ပခုံးကို ပုတ်လိုက်ရာ လက်ရှိဘဝကို ပြန်ရောက်သွားလေ၏။

လူကြီးက မျက်မှောင်ကြုတ်ကြည့်၍ ..

"အုတ်ဂူရှိတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

ဟု မေးမြန်းလေ၏။ အောင်လံက ခေါင်းညိတ်၍

"ကျုပ်ငယ်ငယ်တုန်းက ရွာနဲ့ ခပ်လှမ်းလှမ်းက လှိုဏ်ကြီးထဲ ပြုတ်ကျပြီး အုတ်ဂူတစ်လုံး တွေ့ဖူးတယ်၊ အဲဒါ သူများ တွေကို ပြောပြ

တော့ ဘယ်သူမှ မယုံကြဘူး”

ဟု ပြောလေရာ ၎င်းတို့ အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြီး

“အဲဒီအုတ်ဂူကို ငါတို့ ကြည့်ချင်တယ်၊ လိုက်ပို့စမ်းပါကွာ၊ မင်းကို မုန့်ဖိုးပေးပါမယ်”

ဟု ပြောလေ၏။ အောင်လံက ခေါင်းခါ၍

“လိုက်ပို့လို့ ဘယ်ဖြစ်မလဲ၊ ခရီးက အဝေးကြီးသွားရမှာ ၊ ကျုပ်ရဲ့ ဆိုင်ရှင်က ခွင့်ပြုမှာ မဟုတ်ဘူး ”

ဟု ငြင်းဆန်လေ၏။ ထိုအခါ ခေါင်းဆောင်လူကြီးက စိတ်အားထက်သန်စွာဖြင့်

“မင်းရဲ့ ဆိုင်ရှင်ကို ငါတို့ ရအောင်ပြောမယ်၊ မင်းဘာမှ မပူနဲ့ ၊ မမြရင် ခွင့်ပြုရင် လိုက်ပို့မယ် မဟုတ်လား”

ဟု မေးမြန်းလိုက်ရာ အောင်လံသည် ရွာသို့ပြန်ချင်နေသူဖြစ်၍ ကမန်းကတန်း ခေါင်းညိတ် လိုက်လေ၏။

တစ်နေကုန် မနားမနေခိုင်းစေသော မမြရင်၏ ဆိုင်တွင် လုပ်ကိုင်ရခြင်းကို မပျော်ရွှင်တော့ပေ။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိသော လူကြီးသည် မမြရင်ထံသို့ သွား၍ အောင်လံကို လမ်းပြအဖြစ် ခေါ်ယူလိုကြောင်း ပြောဆိုလေရာ မမြရင်က ခေါင်းခါ၍

“ဒါကတော့ ဘယ်ဖြစ်မလဲရှင့်၊ ကျွန်မဆိုင်မှာ အောင်လံကိုပဲ အောက်ခြေသိမ်းခိုင်းနေရတာ၊ သူ မရှိရင် ကျွန်မပင်ပန်းမှာ ပေါ့”

ဟု ငြင်းဆန်လေရာ လူကြီးက ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံ ၁၀ တိ

တိ ထုတ်ပေးလိုက်ပြီး

"ကောင်လေးကို ခေါ်သွားတဲ့ အတွက် ငွေတစ်ဆယ်ပေးရင် ဖြစ်မှာလား"

ဟု မေးလိုက်ရာ ဆိုင်ရှင် မမြရင်သည် ငွေတစ်ဆယ်ကို မက်မောစွာကြည့်၍ ..

"ဒါ ဆိုရင်တော့ ခေါ်သွားလို့ ရပါတယ်၊ ကျွန်မက ဒီလောက် ကတ်ကတ်သတ်သတ် မရှိပါဘူး၊ ကြိုက်တဲ့ နေရာကို ခေါ်သွားပေတော့"

ဟု ခွင့်ပေးလိုက်ပြီး အောင်လံဘက်သို့လှည့်ကာ

"ဟဲ့…အောင်လံ၊ ဟောဒီက ဧည့်သည် တွေ သွားချင်တဲ့ နေရာ ကိုလိုက်ပြပေးလိုက်"

ဟု ပြောလေ၏။ အောင်လံသည် ပိုက်ဆံမက်သော မမြရင်ကို ကြည့်၍ သက်ပြင်းချ လိုက်လေ၏။

မမြရင်သည် ပိုက်ဆံသာရမည်ဆိုလျှင် မည်သည့်အလုပ်ကို မဆိုလုပ်ကိုင်မည့်သူ ဖြစ်၏။

မမြရင်နှင့် သူ့ဦးလေး၏ စိတ်ဓာတ်ချင်းတူညီကြ၏။ ထိုကြောင့် ၎င်းတို့ နှစ်ဦး တိတ်တခိုး ပေါင်းဖက်ကြခြင်း ဖြစ်ဟန်တူ၏။

အောင်လံသည် အပျိုကြီး၏ ထမင်းဆိုင်သို့ ရောက်ရှိခဲ့ပုံကို ပြန်လည် သတိရလာမိ၏။

မိခင်ဆုံးသောအခါခိုကိုးရာမဲ့ဖြစ်နေသော အောင်လံသည် မိခင်၏ မောင်ဖြစ်သော ဦးလေးထံသို့ ခိုကပ်ခဲ့ရ၏။

ဦးလေးတို့ ဇနီးမောင်နှံသည် ပတ်ဝန်းကျင်က မြင်ကောင်းစေရန်

အောင်လံကို ခေါ်ယူထားသော်လည်း ကြည့်ဖြူခြင်း မရှိပေ။

အောင်လံအိမ်မှာ နေထိုင်စဉ် အလုပ်နှင့် လက်မပြတ်အောင် ခိုင်းစေ၍ မနေနိုင်အောင် ပြုလုပ်၏။ အောင်လံသည် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရသော်လည်း မဝရေစာ စားသောက်ရ၏။

အောင်လံ အိမ်ရောက်ပြီး တစ်လပြည့်သော နေ့တွင် ဦးလေးက ခေါ်၍

"အောင်လံ…မင်းရွာမှာ နေရင် ကြီးပွားမှာ မဟုတ်ဘူး ၊ ဒါကြောင့် မြို့ပေါ်က ငါ့မိတ်ဆွေဆီမှာ အလုပ်ရှာပေးမယ်"

ဟု ပြောလေရာ အောင်လံသည် လွန်စွာ ပျော်ရွှင်သွားလေ၏။ ထို့ကြောင့် မြို့ပေါ်တွင် အလုပ်လုပ်လိုကြောင်းပြောလေ၏။

ဦးလေးသည် နောက်တစ်နေ့တွင် အောင်လံကိုခေါ်၍ မြို့သို့ တက်လေ၏။

ဦးလေးသည် စပါးပွဲစားလုပ်သူဖြစ်သဖြင့် လည်လည်ပတ်ပတ် ရှိ၏။ မြို့နှင့် ရွာ ကူးချည်သန်းချည် မကြာခဏပြု၏။

မမြရင်၏ ဆိုင်သို့ ရောက်သောအခါ လွယ်အိတ်စုတ်ကလေးဖြင့် ခပ်ရို့ရို့ ရပ်နေသော အောင်လံကို ကြည့်၍ မမြရင်က

"လူပုံကတော့ ရုပ်ကလေး သနားကမားနဲ့ လက်ကြောတင်းမယ့်ပုံ ပေါ်တော့မပေါ်ဘူး။ ဘာပဲ ဖြစ်ဖြစ် ကိုကျော်ခေါ်လာတယ်ဆိုတော့ လက်ခံရမှာ ပေါ့"

ဟု မခို့တရို့ ပြော လိုက်လေ၏။ ထို့နောက်တွင် မူ အောင်လံကို ဖင်ပူအောင်ပင် မထိုင်ခိုင်းဘဲ ထမင်းဆိုင်၏ အလုပ်များကို ဇယ်ဆက်သလို ခိုင်းစေလေတော့၏။

ထိုစဉ်က မမြရင်၏ ထမင်းဆိုင်တွင် ကူညီလုပ်ကိုင်နေသော မိန်းမတစ်ယောက်ရှိ၏။

အောင်လံသည် မမြရင်ဆိုင်သို့ ရောက်သည့်နေ့မှ ပင်ပင်ပင်ပန်းပန်း လုပ်ကိုင်ရလေ၏။ ဆူပူ ကြိမ်းမောင်းခြင်းကိုလည်း ခံလိုက်ရ၏။

ညသို့ရောက်သောအခါ ဦးလေးနှင့် အောင်လံသည် မမြရင်ဆိုင်၏ အောက်ထပ်တွင် အိပ်စက် လေ၏။

အောင်လံသည် ပင်ပန်းလွန်းသောကြောင့် အိပ်ရာပေါ်သို့ ခေါင်းချသည် နှင့် အိပ်ပျော်သွား၏။

ညသန်းခေါင်သို့ရောက်သောအခါ ဆီးသွားချင်သဖြင့် အိပ်ရာမှ လန့်နိုးလာ၏။

သူ၏ အနီး၌ အိပ်စက်နေသော ဦးလေးကိုမတွေ့ရဘဲ ခေါင်းအုံးနှင့် စောင်လည်း မမြင်ရတော့ ပေ။

ဦးလေးသည် အခန်းထဲတွင် အိုက်သောကြောင့် အပြင်သို့ထွက်အိပ်သည် ထင်ရ၏။ ထမင်းဆိုင်တစ်ဆိုင်လုံး မှောင်မည်းနေ၏။

အောင်လံသည် ရေအိမ်ရှိရာသို့ မှန်းဆ၍ သွားရ၏။ ရေအိမ်မှ ပြန်လာသောအခါ မမြရင်၏ အိပ်ခန်းဝမှ ရယ်မောသံကို ကြားရ၏။

ထိုအသံမှာ ဦးလေး၏ အသံဖြစ်သဖြင့် အောင်လံ မျက်လုံးပြူးသွား၏။

ဦးလေးသည် ညအချိန်မတော် မမြရင်အိပ်ခန်းသို့ ဘာကြောင့်ရောက်နေသည် မသိ။

ဦးလေးသည် မမြရင်၏ အနီးသို့ တိုးကပ်၍ တီးတိုးပြောဆိုနေလေ၏။

မမြရင်သည် ဦးလေး၏ စကားကို နားထောင်၍ တခစ်ခစ် ရယ်မောနေလေ၏။ အောင်လံ သည် သက်ပြင်းမသိမသာချရင်း အခန်းဝမှ ပြန်ထွက်ခဲ့လေ၏။

နောက်ပိုင်းတွင် ဦးလေးသည် ထမင်းဆိုင်သို့ တစ်လလျှင် နှစ်ကြိမ်သုံးကြိမ် ရောက်လာတတ်၏။

အောင်လံ၏ အခြေအနေကို လာရောက်ကြည့်ရှုသည် ကိုအကြောင်းပြကာ ညဘက်များ တွင် အိပ်ရာမှ ပျောက်သွားတတ်၏။

ရွာ၌ ကျန်နေသော ဦးလေး၏ မိန်းမသည် ထိုအကြောင်းများကို ရိပ်စားမိဟန်မတူပေ။

အောင်လံသည် ပန်းကန်ဆေးရင်း အတိတ်အကြောင်းများကို တွေးတောနေလေရာ အနီးသို့ ရောက်လာသော မမြရင်ကိုပင် သတိမမူမိချေ။ မမြရင်က မျက်မှောင်ကြုတ်၍ ..

"ဟဲ့.. ကောင်လေး၊ ပန်းကန်ဆေးတာကြာလှချည်လား၊ ဘာတွေစဉ်းစားနေတာလဲ"

ဟု မေးမြန်းလိုက်ရာ အောင်လံက အယောင်ယောင်အမှားမှားဖြင့်

"ဦးလေးနဲ့ အဒေါ်အကြောင်းပါ"

ဟု ပြောလိုက်ရာ မမြရင်သည် မလုံမလဲဖြစ်သွားပြီး

"ဟဲ့၊ ငါနဲ့ နင့်ဦးလေး ဘာဆိုင်လို့ လဲ"

ဟု မေးမြန်းလေ၏။ အောင်လံက ခေါင်းကုတ်၍

“မဟုတ်ပါဘူး၊ စိတ်သဘောချင်း အတော်နီးစပ်တာကို စဉ်းစားနေတာပါ”

ဟု ဖြေ လိုက်လေတော့၏။ ထိုအခါမှ ပင် မမြရင်က မသက်မသာ သက်ပြင်းချ၍

“အပိုတွေပြောမနေနဲ့ ဟိုလူတွေကို လမ်းပြပေးလိုက်၊ နင်တို့ ရွာကိုရောက်ရင်လည်း ဟိုဝင်၊ ဒီဝင်နဲ့ ခြေရှည်မနေနဲ့ ၊ ဆိုင်ကို အမြန်ဆုံးရောက်အောင် ပြန်လာခဲ့ကြားလား၊ ထမင်းဆိုင်မှာ ငါတစ်ယောက်တည်း မနိုင်မနင်းဖြစ်နေလိမ့်မယ်”

ဟု ပြောလေ၏။ ခရီးသွားဧည့်သည် များ သည် မနက်စာ စားသောက်ပြီးသည် နှင့် ကျောပိုးအိတ်ကြီးများကို ပြင်ဆင်၍ ခရီးထွက်ရန် ဖင်တကြွကြွဖြစ်နေကြ၏။ ၎င်းတို့ သည် ရှေးဟောင်းအုတ်ဂူတစ်လုံးကို အဘယ်ကြောင့် စိတ်ဝင်စားနေသည် မသိပေ။

ခရီးသွားအဖွဲ့၏ ခေါင်းဆောင်လူကြီးက အနီးသို့ရောက် လာပြီး

“ငါတို့ ခရီးက နေ့ဝက်လောက်သွားရမယ်ထင်တယ်၊ ညနေဆောင်းလောက်မှ ရောက်လိမ့်မယ်”

ဟု ပြောလေရာ အောင်လံက ခေါင်းညိတ်၍

“လှည်းတစ်စီးလောက်ရှာပြီး သွားကြတာပေါ့”

ဟု ပြောလေ၏။ ခေါင်းဆောင်လူကြီးက ဆေးလိပ်ကို မီးညှိ၍

“မင်းတို့ မြို့ပြင်မှာ မြင်းတွေမွေးတဲ့ ခြံတစ်ခြံ တွေ့တယ်၊ အဲဒီကမြင်းတွေ ငှားလို့ ရနိုင်မလား”

ဟု မေးမြန်းလေ၏။

အောင်လံက ခေါင်းခါ၍

"ပိုက်ဆံမပေးရင် ရမယ်မထင်ဘူး၊ အဲဒီမြင်းတွေက သာယာဝတီမြို့က အင်္ဂလိပ်အရေးပိုင် ကြီးတစ်ဦးပိုင်တဲ့ မြင်းတွေ၊ ခြံမှာ နေတဲ့ သူတွေက မြင်းတွေကို ငှားပေးနေတာ"

ဟု ပြောလေ၏။

ခရီးသွားလူစုသည် ငွေအင်အားတောင့်တင်းသူများ ဖြစ်၍ ငွေကို ရေလိုသုံးနိုင်သူများ ဖြစ်၏။

ထို့ကြောင့် အောင်လံသည် ၎င်းတို့ လူစုအား မြင်းများ ရှိရာသို့ လိုက်လံပို့ဆောင်ပေးလေ၏။

မြင်းမွေးမြူသူများ သည် ခရီးသွားများက ငွေပုံပေးလိုက်သောအခါ မြင်းများကို ငှားရမ်း လိုက်လေတော့၏။

ခရီးသွားများ သည် မြင်းကိုကောင်းမွန်စွာ စီးတတ်သူများ ဖြစ်၏။

၎င်းတို့ လူစုသည် အုန်းခွံရောင်မြင်းကြီးကို ကျွမ်းကျင်စွာစီး၍ ရှေ့မှ ဦးဆောင်သွားသော အောင်လံကိုကြည့်၍ မျက်လုံးပြူးသွားလေ၏။ အောင်လံသည် ရွာမှာ နေထိုင်စဉ် သူကြီး၏ မြင်းကြီးကို နေ့စဉ် ထိန်းကျောင်းပေးခဲ့သဖြင့် မြင်းစီးကျွမ်းကျင်နေခြင်း ဖြစ်၏။

အောင်လံတို့ သည် မြင်းကိုယ်စီဖြင့် ခရီးပြင်းနှင်လာခဲ့ရာ ညနေစောင်းအချိန်တွင် ရွာနှင့် မနီးမဝေးသို့ ရောက်လေ၏။ အောင်လံသည် ခရီးသွားဧည့်သည် များ လွတ်လွတ်လပ်လပ် တည်းခို နိုင်ရန် ရွာပြင်ရှိ ဇရပ်ကြီး၌ နေရာချပေးလေ၏။

ဇရပ်သို့ရောက်သောအခါ အောင်လံက ရှေးဟောင်းအုတ်ဂူရှိသော နေရာသို့ နောက်တစ်နေ့မှ သွားရှာပေးမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

မကြာမီ ညမှောင်ရီသန်းစပြုတော့မည်။

ခရီးသွားများ သည် ၎င်းတို့ ၏ အိတ်ကြီးထဲတွင် ယူဆောင်လာသော ငါးသေတ္တာများ ၊ အသားဘူးများ နှင့် ပေါင်မုန့်များကို ထုတ်၍ ညစာအဖြစ် စားသောက်ကြလေ၏။

အောင်လံသည် နောက်တစ်နေ့နံနက်တွင် ၎င်းတို့ နှင့်အတူ ရွာနှင့် ဝေးကွာသော တောစပ်ရှိရာသို့ ထွက်ခဲ့လေ၏။ သူ၏ ဦးလေး မိသားစုကို သံယောဇဉ် မရှိသဖြင့် ရွာသို့ပင်မဝင်ဖြစ်တော့ပေ။

နေ့လယ်ခင်း အချိန်ရောက်သောအခါ ရှေးဟောင်းဂူ သင်္ချိုင်းရှိရာ တောင်ကုန်းမြင့်ကလေးသို့ ရောက်လေ၏။ အောင်လံက တောင်ကုန်းကို လက်ညှိုးညွှန်ပြ၍ ခေါင်းဆောင်လူကြီးဘက်သို့ လှည့်ကာ

"ဒီတောင်ကုန်းကြီးအောက်မှာ လှိုဏ်ကလေးတစ်ခုရှိတယ်၊ လှိုဏ်ရဲ့ အထဲကို ကျုပ်လိုမ့်ကျရင်း ရှေးဟောင်းအုတ်ဂူတစ်လုံးကို တွေ့ခဲ့တာပဲ၊ ဒီအကြောင်းကို သူများ တွေပြောပြဖူးတယ်၊ ဘယ်သူမှ မယုံကြဘူး"

ဟု ပြောလေရာ ၎င်းတို့ ၏ မျက်နှာများ ဝင်းလက်သွားလေ၏။ ခေါင်းဆောင်လူကြီးက မြင်းပေါ်မှ လွှားခနဲခုန်ဆင်း၍ မြေပုံစာရွက်ကို အိတ်ထဲမှ ထုတ်ကြည့်ကာ

"အင်း... ဒီနေရာဟာ အဖြစ်နိုင်ဆုံးပဲ၊ မြေပုံထဲမှာ ဖော်ပြထားတာနဲ့ အနီးစပ်ဆုံးပဲကွ၊ ပတ်ဝန်းကျင်က မရိပ်မိအောင် သိုသိုသိပ်သိပ် လုပ်ကြပေတော့"

ဟု ပြောလေရာ ၎င်း၏ အဖွဲ့သားများ သည် စိတ်အားတက်ကြွစွာဖြင့် အိတ်ကြီးထဲမှ ပေါက်ပြားငယ်များ ၊ သံစို့များ ၊ ကြိုးခွေများ ၊ တောလိုက်ဓားမြှောင်များ စသည့်အသုံးအဆောင်များကို ထုတ်လေ၏။

အောင်လံက မြင်းများကို စုစည်း၍ တောင်ကုန်းအနီးရှိ သစ်ပင်ရိပ်အောက်တွင် ချည်နှောင် လိုက်ပြီး အလုပ်ရှုပ်နေသော ခေါင်းဆောင်လူကြီးထံသို့ သွား၍

“ရှေးဟောင်း အုတ်ဂူကြီးကို ရှာပြီး ဘာလုပ်မလို့ လဲ”

ဟု ပြောလေ၏။ ပိန်ရှည်ရှည် လူတစ်ဦးက အောင်လံ၏ ပခုံးကို ပုတ်၍

“ဒီအချိန် ကစပြီး မင်းကို မလိုအပ်တော့ဘူး၊ ပါးစပ်ပိတ်ပြီး နေရင်နေ၊ မနေရင် ငါတို့ က ပိတ်ထားလိုက်မယ်”

ဟု ခြိမ်းခြောက်လေ၏။ အောင်လံသည် ၎င်းတို့ ၏ ဇာတိရုပ် တဖြည်းဖြည်း ပေါ်လာသဖြင့် ထိုလူစုအပေါ် မသင်္ကာစိတ်များ ပိုမိုဖြစ်ပေါ်လာ၏။ ၎င်းတို့ သည် တောင်ကုန်းကြီးအထက်သို့ ကြိုးများ ဖြင့် တွယ်ကပ်တက်ကြပြီး တောင်ကုန်းပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ရောက်သွားလေ၏။ အောင်လံလည်း ၎င်းတို့ နောက်မှ လိုက်တက်ခဲ့၏။

တောင်ကုန်းပေါ်သို့ ရောက်သောအခါ လှိုဏ်အတွင်း၌ သစ်ပင်များ ၊ ချုံနွယ်များ ပိတ်ဖုံးနေသဖြင့် လွယ်ကူစွာ မမြင်နိုင်ပေ။ ခေါင်းဆောင်လူကြီးက လှိုဏ်ထဲသို့ ကျောက်ခဲတစ်လုံးပစ်ချ၏။

“အင်း… လှိုဏ်ကတော့ အတော်နက်တယ်၊ သတိထားပြီး ဆင်းရမယ်၊ ဟိုကောင်လေးကို မေးကြည့်ရဦးမယ်”

ဟု ရေရွတ်ကာ လှိုဏ်၏ နက်ရှိုင်းမှုကို မေးမြန်းလေ၏။ အောင်လံက

“နှစ်ဆင့်ဖြစ်နေတယ်၊ ပထမအဆင့်ကို ဆင်းပြီးရင် နောက်အဆင့်ကို ဆင်းရမယ်၊ တောင်ကုန်းအောက်မှ လှိုဏ်ရှိတာကို ဘယ်သူမှ မသိဘူး”

ဟု ပြောလေ၏။

ငင်းတို့ အုပ်စုသည် လှိုဏ်ထဲသို့ ဆင်းရန် စိတ်အားထက်သန်နေပြီး ကြိုးများ ဖြင့် ချည်နှောင်ကာ အောက်သို့ တစ်ယောက်ပြီးတစ်ယောက် ဆင်းလေတော့၏။ လှိုဏ်၏ ပထမဆင့်သို့ ရောက်သောအခါ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းနိုင်သဖြင့် ကျဉ်းမြောင်းသောအပိုင်းကို လှမ်းမြင်နိုင်ပြီး ပေနှစ်ဆယ်ခန့်သာ ကျန်တော့ကြောင်းတွေ့ရလေ၏။

ငင်းတို့ အဖွဲ့သည် လှိုဏ်၏ အောက်ခြေမြေသားပေါ်သို့ရောက်သောအခါ ချုံများ အထပ်ထပ် ဖုံးလွှမ်းနေသော အုတ်ဂူ၏ အစိတ်အပိုင်းကို တွေ့ရလေ၏။ လူတစ်ဦးက ချုံများကို ဂေါ်ပြားဖြင့် ရှင်းရင်း အုတ်ဂူ၏ တစ်စွန်းတစ်စကို မြင်ရသောအခါ

"တွေ့ပြီ… တွေ့ပြီ"

ဟု စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်လိုက်၏။

ငင်းတို့ အားလုံး ထိုနေရာသို့ တိုးဝှေ့ကြည့်ပြီး ချုံများကို လျင်မြန်စွာ ဖယ်ရှားလေ၏။ အုတ်ဂူသည် ရေညှိအထပ်ထပ်တက်နေပြီး ဟောင်းနွမ်းဆွေးမြေ့ကာ အက်ကွဲလုမတတ်ဖြစ်နေ၏။

ခေါင်းဆောင်လူကြီးသည် အုတ်ဂူအရှေ့ပိုင်းရှိ ရေညှိများကို တောလိုက်ဓားမြှောင်ဖြင့် ခြစ် ထုတ်လေ၏။ ရေညှိများ ကွာကျ လာပြီး တစ်ပေပတ်လည်ရှိသော ကြေးပြားတစ်ပြားပေါ်ထွက်လာ၏။

ကြေးပြားပေါ်ရှိ အညစ်အကြေးများကို သန့်စင်ပြီးသောအခါ ကြေးပြားပေါ်တွင် ရေးထွင်း ထားသော စာသားများကို တွေ့ရလေ၏။

ဖတ်ကြည့်လိုက်သောအခါ

မြို့ဝန် ဦးသာအို

(၁၂၂၈) ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည် ။

ဟု ရေးသားထားလေ၏။ ထိုစာတန်းများကို ဖတ်ရှု၍ ခေါင်းဆောင်ဖြစ်သူလူကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

“သေချာပြီ၊ မြို့ဝန်ဦးသာအိုရဲ့ အုတ်ဂူပဲ၊ ၁၂၂၈ ဆိုတာလဲ သေချာပြီ၊ ကနောင်မင်းသားကြီးကို လုပ်ကြံခံရတဲ့ အချိန်ပဲ၊ ဒါဆိုရင် ငါတို့ လိုချင်တာ ရမှာ သေချာတယ်”

ဟု ပြောလေ၏။

အောင်လံသည် လျှို၏ အမြင့်ပိုင်း တစ်နေရာတွင် ထိုင်၍ ထိုသူများ၏ လုပ်ရပ်ကို အကဲခတ်နေလေ၏။ ၎င်းတို့ သည် ပေါက်ချွန်းများ ဖြင့် အုတ်ဂူကို ဖွင့်လေ၏။

ထိုသူများ ၏ အပြုအမူကို ကြည့်ရင်း အောင်လံသည် မိမိကိုယ်မိမိ နောင်တရချင်သလိုရှိ၏။ ထိုသူများ သည် လူဆိုးလူသွမ်းများ ဖြစ်ပုံရ၏။ လောဘသားများအား ရှေးဟောင်းအုတ်ဂူရှိရာကို လိုက်ပြမိခြင်းသည် ပင် မိမိ၏ မှားယွင်းမှု ဖြစ်၏။

အုတ်ဂူ၏ အပေါ်ပိုင်းသို့ တူးဖော်ရင်း တစ်နေရာသို့ရောက်သောအခါ ခေါင်းဆောင်လူကြီးက လက်ကာပြ၍

“ရပ်ကြတော့၊ ဒီနေရာကစပြီး သတိထားပြီးတူးပေတော့၊ အတွင်းကပစ္စည်းကို ထိသွားမယ်”

ဟု ပြောလေ၏။ အုတ်ဂူအတွင်း၌ ရပ်အလောင်း၏ အရိုးကိုပင် မတွေ့ရတော့ဘဲ ဆွေးမြေ့ နေပြီ ဖြစ်၏။

ငင်းတို့ လူစုသည် တူးဖော်ရင်း ကြေးဖြင့်ပြုလုပ်ထားသော အရာဝတ္ထုတစ်ခုကို ထိခိုက်မိသဖြင့် ချွန်ခနဲ မြည်သော အသံထွက်လာ၏။ ခေါင်းဆောင်လူကြီးသည် အားလုံးကို ရပ်တန့်ခိုင်းပြီး ငင်းကိုယ်တိုင် တူးဖော်လေရာ တစ်ပေခွဲခန့် အမြင့်ရှိသော သံသေတ္တာတစ်လုံးကို တွေ့ရလေ၏။

လူကြီးသည် ကျောက်သားများကို တဖြည်းဖြည်းဖွဲ့ထုတ်လိုက်ပြီး သေတ္တာကို စိတ်ဝင်စားစွာ ကောက်ယူလိုက်၏။ ပြီးနောက် မြေကြီးပေါ် ချလိုက်သောအခါ ငင်းတို့ အားလုံး စိတ်လှုပ်ရှားစွာဖြင့် အတွင်းထဲသို့ စိုက်ကြည့်လိုက်၏။

ထိုအခါ အတွင်းထဲ၌ ရွှေရောင်တလက်လက် တောက်ပနေသော ဓားတိုလေး တစ်လက်ကိုတွေ့ရလေ၏။ ငင်းတို့ လူစုသည် ရွှေရောင်ဓားလေးကို မြင်သောအခါ ဝမ်းသာအားရဖြင့်

"အောင်ပြီ...အောင်ပြီ...ညောင်အုပ်မင်းသားရဲ့ ရွှေဓားကို တွေ့ပြီ"

ဟု ကြွေးကြော် လိုက်လေ၏။ ငင်းတို့ လူစုသည် ရွှေဓားကို တစ်ယောက်တစ်လှည့် ကြည့်ရှု၍ လောဘဇောတက်နေလေ၏။

ခေါင်းဆောင်လူကြီးက ရွှေဓားလေး၏ လက်ကိုင်တွင် မြှုပ်နှံထားသော အနီရောင် ကျောက်များကို ကြည့်ရှု၍

"ပတ္တမြားတွေက၊ သိပ်အဖိုးတန်တယ်၊ တန်ဖိုးဖြတ်လို့ တောင်မရနိုင်ဘူး"

ဟု ဝမ်းသာအားရပြောလေ၏။ ငင်းတို့ လူစုသည် ရွှေဓားကို အားရအောင် ကြည့်ရှုပြီးနောက် သေတ္တာအတွင်းသို့ ပြန်ထည့်ကာ အဖုံးကို ပိတ်လေ၏။

ထို့နောက် လှိုဏ်၏ အပေါ်ဆင့်မှ ငေးမောကြည့်ရှုနေသော အောင်လံကိုကြည့်၍

"ဟေ့ကောင်လေး၊ ကြိုးပစ်ချလိုက်စမ်း"

ဟု ပြောလေ၏။ အောင်လံသည် ကြိုးကို တဖြည်းဖြည်း ဆွဲတင်ရင်း ၎င်းတို့ လူစုကို မနှစ်သက်သော စိတ်များ ဖြစ်မိ၏။

မိမိ၏ ပယောဂကြောင့် ရှေးဟောင်းအုတ်ဂူထဲမှ ညောင်အုပ်မင်းသား၏ ရွှေဓားသည် မသမာ သူများ ၏ လက်ထဲသို့ ကျရောက်ပေတော့မည်။ ရှေးဟောင်း ပစ္စည်းဟူသည် တန်ဖိုးအလွန်ရှိသည် ဟု ကြားဖူးသည် ။

ထိုသူများ လက်မှ ပစ္စည်းကို မည်သို့ကာကွယ်ရမည်နည်း။ သူသည် တွေးတောရင်း ချီတုံချတုံဖြစ်နေစဉ် ခေါင်းဆောင်လူကြီးက မော့ကြည့်၍

"ဟေ့ကောင်လေး၊ ဆွဲတင်လေ ဘာကြောင့်ကြည့်နေတာလဲ"

ဟု ကြိမ်းမောင်းလေ၏။ အောင်လံသည် သံသေတ္တာကိုဆွဲတင်ရင်း အုတ်ဖိုမြို့စွန်တွင် နေထိုင်သော ကျောက်စာဝန်ဦးခင်မောင်နုကို သတိရလိုက်၏။ တစ်ခါက ဦးခင်မောင်နု၏ ထမင်းချက် ရွာပြန်သွားသဖြင့် မမြရင်၏ ထမင်းဆိုင်မှ ချိုင့်ဆွဲစားသောက်၏။

အောင်လံသည် ဦးခင်မောင်နုအိမ်သို့ နေစဉ် ထမင်းချိုင့်သွားပို့ရင်း ရှေးဟောင်းပစ္စည်းများ အကြောင်းကို ဗဟု သုတအဖြစ် ကြားသိခဲ့ရ၏။

ရှေးဟောင်း ပစ္စည်းများကို တတ်နိုင်သမျှ ထိန်းသိမ်းရန် မှာ ကြားဖူး၏။

အောင်လံသည် ညောင်အုပ်မင်းသား၏ ကျောက်စီဓားကို ကိုယ့်နည်း

ကိုယ့်ဟန်ဖြင့် လူဆိုးများ လက်မှ ကာကွယ်ရန် လျှပ်တပြက် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် လှေျ၏ အပေါ်သို့ အမြန်ဆုံးတွယ်ကပ်တက်လေ၏။

လူဆိုးများ သည် အောင်လံ၏ အပြုအမူကို အံ့သြဟန်ဖြင့် ကြည့်၍

"ဟေ့ကောင်လေး၊ ငါတို့ ကို ကြိုးချပေးဦးလေ"

ဟု ပြောလေ၏။ အောင်လံသည် ၎င်းတို့ ကို စကားမတုံ့ပြန်ဘဲ မြေသားများကို တွယ်ကပ်၍ ကြိုးစားတက်လေ၏။ တောင်ကုန်းပေါ်သို့ ပြန်ရောက်သောအခါ သေတ္တာကို အပေါ်သို့ ဆွဲတင်လေ၏။ ထိုအခါမှ ပင် လူဆိုးများ သည် အောင်လံ၏ အပြုအမူကို သဘောပေါက်ပြီး

"ဟာ…ဒီကောင်လေး ကျောက်စီဓားကို ယူပြေးမလို့ ကွ၊ လိုက်ကြ လိုက်ကြ"

ဟု အော်ဟစ်ကာ လှေျ၏ ဒုတိယအဆင့်သို့ တွယ်ကပ်တက်လေ၏။ အောင်လံသည် လူဆိုးများ တွယ်ကပ်တက်နေသဖြင့် စိတ်လှုပ်ရှားစွာဖြင့် သေတ္တာကို အပေါ်သို့ အမြန်ဆုံး ဆွဲတင်လေ၏။

သို့သော် သေတ္တာသည် ကျောက်စွန်း တစ်ခုနှင့် ငြိနေပြီး ဆွဲတင်၍ မရဘဲ ဖြစ်သွားလေ၏။ လူဆိုးများ ၏ ခေါင်းဆောင်သည် ဒေါသတကြီး အော်ဟစ်၍ ခြောက်လုံးပြူးကို ထုတ်ကာ တဒိုင်းဒိုင်း ပစ်ခတ်လေတော့၏။ အောင်လံသည် မြေပေါ်တွင် ဝပ်လိုက်ရ၏။ သေနတ်သံ ရပ်သွားသောအခါ သံသေတ္တာကို ကမန်းကတန်းဆွဲတင်ပြန်၏။ သို့သော် သံသေတ္တာသည် ကျောက်စွန်းနှင့် ငြိနေပြီး ဆွဲမရဘဲ ဖြစ်နေလေ၏။

ထို့ကြောင့် ကြိုးကို အောက်သို့ ပြန်လျှော့ပြီး သေတ္တာကို ကျောက်စွန်းမှ လွတ်အောင် ဆွဲတင်ပြန်၏။ ထိုအချိန်တွင် လူဆိုးများ သည် လှေျ၏ ဒုတိယအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်၏။

၎င်းတို့ သည် တစ်ရပ်သာသာအမြင့်တွင် ရောက်နေသော သေတ္တာကို ခုန်ဆွဲရန် ကြိုးပမ်းနေလေ၏။ လူဆိုးတစ်ဦးသည် သေတ္တာကို မိလုမိခင်ဖြစ်ပြီးမှ လက်လွတ်ဆုံးရှုံး သွား၏။ ကျန်လူဆိုးတစ်ဦးက လှျိုအောက်သို့ ကြိုးများ ပစ်ချပေးပြီး အားလုံးကို အပေါ်ဆင့်သို့ ရောက်အောင်ကြိုးစားနေ၏။

အောင်လံသည် အန္တရာယ်နှင့် အလွန်နီးကပ်နေသဖြင့် ကမန်းကတန်း ဆွဲတင်လေရာ သေတ္တာသည် ကျောက်စွန်း အပေါ်သို့ ရောက်သွားသော်လည်း သေတ္တာတွင် ချည်ထားသောကြိုးနှင့် ကျောက်စွန်းငြိသွားပြန်၏။ လူဆိုးများက အောင်လံကို အောက်မှအော်ဟစ်ခြိမ်းခြောက်၏။

ထိုအချိန်တွင် လူဆိုးများ သည် လှျိုပေါ်သို့ တွယ်ကပ်တက် လာပြီ ဖြစ်၏။ အောင်လံသည် သေတ္တာကို အကြိမ်ကြိမ် ဆွဲတင်သော်လည်း မရသဖြင့် ကိုယ်လွတ်ရုန်းပြေးရန် ကြံစည်မိလေ၏။

ကံကြမ္မာသည် မိမိဘက်တွင် မရှိဟု စိတ်ပျက်လက်ပျက် တွေးလိုက်မိ၏။

ထိုအခိုက်မှာ ပင် သေတ္တာ၏ အနီးသို့ တွယ်ကပ်တက်လာသော ပိန်ရှည်ရှည်လူသည် ခြေချော်၍ အောက်သို့ တရွတ်တိုက်လျောကျလေရာ အောက်မှ တက်လာသော လူကို တိုက်ချ သွားလေ၏။

အောင်လံသည် ထိုအခွင့်အရေးကို လက်လွတ်မခံဘဲ ကျောက်စွန်းတွင် ငြိနေသော ကြိုးကို ကြိုးစား၍ ဖြုတ်ပြန်၏။ လူဆိုးများ လည်း ကမန်းကတန်း တွယ်ကပ်၍ တက်လာပြန်၏။

အောင်လံသည် ကျောက်စွန်းမှ ကြိုးကို ဖြုတ်မရသည့်အဆုံးတွင် ခေါင်းထဲသို့ အကြံတစ်ခုရ လာပြီး သေတ္တာကို ပြုတ်မကျစေရန်

ချည်နှောင်ထားသော ကြိုးအား အနီးသို့ သစ်ပင်ငယ်တွင် ချည်၍ ကျောက်စွန်းရှိရာသို့ တွယ်ကပ်ဆင်းလေ၏။

ထိုအခါ လှိုဏ်ပေါ်သို့တက်လာသော ခေါင်းဆောင်လူကြီးနှင့် အောင်လံတို့ သည် ထိပ်တိုက် ဆုံတွေ့လေ၏။ လူကြီးသည် သေတ္တာရှိရာသို့ ဦးစွာရောက် လာပြီး ကျောက်စွန်းနှင့်ငြိနေသော ကြိုးကို ဖြုတ်လေ၏။

အောင်လံသည် ခါးကိုကိုင်းညွတ်၍ သေတ္တာကို လက်ဖြင့် ထိကိုင်ရန် ကြိုးစား၏။ သေတ္တာနှင့် ထိလုနီးနီးရောက်သောအခါ ကိုယ်ကိုကိုင်းညွတ်၍ သေတ္တာအဖုံးကိုဖွင့်ကာ ကျောက်စိ ရွှေဓားကို ယူလိုက်၏။ လက်ထဲသို့ ရွှေဓားရောက်သောအခါ ကမန်းကတန်း လှိုဏ်ပေါ်သို့ ပြန်တက်လေ၏။

ထိုအခါ ခေါင်းဆောင်လူကြီးသည် ကျောက်စွန်းမှ ကြိုးကို ဖြုတ်လိုက်နိုင်သော်လည်း သူ၏ လက်ထဲတွင် သေတ္တာအလွတ်သာ ရရှိသွား၏။

အောင်လံသည် ကျောက်စိရွှေဓားနှင့်အတူ တောင်ပေါ်သို့ လျှင်မြန်စွာ ပြေးတက် သွားလေ၏။ သူသည် တောင်အောက်သို့ တရွတ်တိုက်လျှောဆင်းလိုက်ပြီး မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ဒုန်းစိုင်းပြေးလေတော့၏။

ထိုအချိန်တွင် ခေါင်းဆောင်လူကြီးသည် တောင်ပေါ်သို့ တွယ်တက်ပြီး အောင်လံ၏ နောက်ကျောကိုကြည့်၍ တက်ခေါက်ကာ

"တောက်...ဟိုကောင်လေးပြေးပြီ၊ မင်းတို့ အမြန်တက်ခဲ့ကြ" ဟု ဆိုကာ ကြိုးများကို ပစ်ချပေးလေ၏။

ခေါင်းဆောင်လူကြီးသည် တောင်ပေါ်မှ ခုန်ချ၍ မြင်းပေါ်သို့ ခုန်တက်ကာ အောင်လံ၏ နောက်သို့ လိုက်လေ၏။

အောင်လံသည် လူဆိုးများ လက်မှ ပြေးလွှားရင်း သူ၏ မြင်းကြီးသည် အပြေးနှုန်း နှေးကွေးနေကြောင်း သတိပြုမိ၏။ မြင်းကြီး၏ ခြေတစ်ဖက်နာနေသောကြောင့် မပြေးနိုင်ခြင်း ဖြစ်ပုံရ၏။ ခေါင်းဆောင်လူကြီး၏ မြင်းသည် အနောက်မှ တရှိန်ထိုး လိုက်ပါ လာပြီး တဖြည်းဖြည်း နီးကပ်လာ၏။

နောက်သို့ လှည့်ကြည့်လိုက်သောအခါ လူဆိုးများအားလုံးသည် မြင်းကိုယ်စီဖြင့် လိုက်ပါလာသဖြင့် ထိတ်လန့်တုန်လှုပ်သွား၏။

ထိုအခိုက်မှာ ပင် ကုန်ရထားကြီးတစ်စီး မီးခိုးတလူလူဖြင့် အုတ်ဖိုဘူတာမှ ခုတ်မောင်း လာ၏။ လူဆိုးများ ၏ မြင်းသည် တဖြည်းဖြည်း နီးကပ်လာသဖြင့် ကုန်ရထားပေါ်သို့ တက်ပြေးမှ လွတ်မြောက်နိုင်တော့မည်။

ထို့ကြောင့် သူ၏ မြင်းကြိုး ရထားလမ်းနှင့် ယှဉ်၍ ပြေးလွှားရင်း ရထားပေါ်တက်ရန် ကြိုးစား၏။

ခေါင်းဆောင်လူကြီးနှင့် လူဆိုးများ ၏ မြင်းသည် မီးရထားအနောက်သို့ မီလုနီးပါး ဖြစ်နေချိန်တွင် အောင်လံသည် မြင်းပေါ်မှ ရထားပေါ်သို့ ခုန်ကူးလိုက်၏။ အောင်လံသည် သစ်လုံးများ တင်လာသော ရထားတွဲပေါ်သို့ ကုပ်ကပ်၍ တက်လေ၏။

အောင်လံ ရထားပေါ်သို့ရောက်သည် နှင့် ရထား၏ အရှိန်သည် အနည်းငယ် နှေးသွား ပြန်သဖြင့် လူဆိုးအဖွဲ့သည် ရထားပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် တွယ်ကပ်တက်ရန် အခွင့်အရေး ရရှိသွားလေ၏။

အောင်လံသည် လူဆိုးများ ရထားပေါ်ရောက်လာသဖြင့် မျက်လုံးပြူးပြီး တွဲများ တစ်တွဲပြီး တစ်တွဲ ကူးပြောင်းလေ၏။

ခေါင်းဆောင်လူကြီးသည် ခြောက်လှန့်သည့်အနေဖြင့် ခြောက်လုံးပြူးဖြင့် တစ်ချက်ပစ် လိုက်ပြီး

"ဟေ့ကောင်လေး....မင်းပြေးလို့ မလွတ်တော့ဘူး၊ မပြေးနဲ့ "

ဟု အော်ဟစ်လေ၏။

အောင်လံသည် တွဲခေါင်မိုး တစ်ခုပြီးတစ်ခု ကူးပြောင်းပြေးလေရာ နောက်ဆုံးတွင် ပြေးစရာ မရှိတော့ပေ။

လူဆိုးများ သည် အောင်လံ အကျပ်အတည်း တွေ့နေမှန်းသိ၍ အောင်လံ ရောက်နေသော တွဲပေါ်သို့ အေးဆေးစွာ တက်လာကြ၏။ ခေါင်းဆောင်လူကြီးသည် လက်ထဲရှိ ခြောက်လုံးပြူး သေနတ်ဖြင့် ချိန်၍

"ဟေ့ကောင်လေး... ကျောက်စီဓားကို အသာတကြည်အပ်ရင် အသက်ချမ်းသာရမယ်... ပေးစမ်း"

ဟု ဆိုကာ အနီးသို့ တိုးကပ်လာ၏။ အောင်လံသည် ခါးကြားထဲမှ ကျောက်စီဓားကို ထုတ်၍ လွှင့်ပစ်မည့်ဟန်ပြုကာ

"ဟေ့လူတွေ...ရှေ့မတိုးနဲ့ နော်၊ ဓားကိုလွှင့်ပစ်လိုက်မယ်"

ဟု ခြိမ်းခြောက်လိုက်ရာ ၎င်းတို့ သည် ရှေ့မတိုးဝံ့ဘဲဖြစ်သွားလေ၏ ။ သို့သော် လူဆိုးများ သည် အောင်လံ၏ အနီးသို့ တရွေ့ရွေ့ တိုးကပ်လာ၏။

ရထား၏ အရှိန်မှာ လည်း တဖြည်းဖြည်းမြန်ဆန်လာ၏။

အောင်လံသည် ၎င်းတို့ လက်ထဲမှ လွတ်မြောက်ရန် ဉာဏ်နီဉာဏ်နက်များကို အလျင်အမြန်စဉ်းစားရင်း ရထားသည် ကြို့ပင်ကောက်ဘူတာနှင့် နီးကပ်လာကြောင်းသတိပြုမိ၏။

ကြို့ပင်ကောက် ဘူတာမရောက်မီတွင် ချောင်းငယ်လေးတစ်ခုကို ဖြတ်သန်းရကြောင်း သတိရလေ၏။ အောင်လံသည် ထိုဒေသအကြောင်းကို ကောင်းစွာသိထား၍ အားတက်သွားပြီး ပတ်ဝန်းကျင်ကို မသိမသာကြည့်လိုက်ရာ ချောင်းငယ်လေးကို ရထားရောက်တော့မည်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

လူဆိုးများ သည် သူ၏ အနီးသို့ မသိမသာ တိုးကပ်လာ၏။

လူ့ဆိုးများ လက်တစ်ကမ်းအကွာသို့ အရောက်တွင် ချောင်းငယ်လေးသို့ ရထားဖြတ်ချိန်နှင့် ကြုံသဖြင့် ၎င်းတို့ ရှေ့မှ ပြေးထွက်၍ ချောင်းထဲသို့ ခုန်ချ လိုက်လေ၏။

လူဆိုးများ သည် အောင်လံကိုဆွဲဖမ်းလိုက်သော်လည်း လက်မတင်လေး လွတ်မြောက် သွားသဖြင့် ဒေါသတကြီး အော်ဟစ်၍ ကျန်ခဲ့၏။

အောင်လံသည် ခါးလယ်ခန့်နစ်သော ရေထဲတွင် ဘေးမသီ ရန်မခဘဲ ကုန်းရုန်းထလိုက်ပြီး ချောင်းထဲသို့ ပြန်တက်ခဲ့၏။

ထို့နောက် ကားလမ်းဘက်သို့ လျှောက်ခဲ့လေ၏။ လမ်းမပေါ်သို့ရောက်သောအခါ ခြေပစ်လက်ပစ်ထိုင်ရင်း ကားကြုံကို စောင့်ရ၏။ လူဆိုးများ သည် ကြို့ပင်ကောက်ဘူတာတွင် ဆင်း၍ သူ၏ အနောက်သို့ လိုက်ရန် ကြိုးစားပေလိမ့်မည်။

ထိုအခါ လော်ရီကားတစ်စီးကို မြင်သဖြင့် တားဆီးကာ ကားကြုံလိုက်ခဲ့လေ၏။

အုတ်ဖိုမြို့ပြင်ရှိ ကျောက်စာဝန်ဟောင်းဦးခင်မောင်နု၏ ကျွန်းအိမ်မည်းကြီးရှေ့သို့ ရောက်သောအခါ ကားပေါ်မှ ခုန်ချလိုက်၏။ ပြီးနောက် အိမ်ကြီးထဲသို့ ကမန်းကတန်းပြေးဝင်၍ ဂေါ်ရခါး ဒရဝမ်အား ဦးခင်မော

င်နုနှင့် တွေ့လိုကြောင်း ပြောလေရာ ဒရဝမ်ကခေါင်းခါ၍

“ဆရာကြီးမရှိဘူး၊ မြို့ထဲကိုသွားတယ်၊ ခဏထိုင်စောင့်ပါ”

ဟု ပြောလေ၏။ အောင်လံသည် ကျွန်းအိမ်မည်းကြီးထဲသို့ဝင်၍ ဦးခင်မောင်နုအား စောင့်ရလေ၏။ ကျောက်စာဝန်ကြီး ပြန်ရောက်လာလျှင် လူဆိုးများ အကြောင်းကိုပြောပြ၍ ကျောက်စီဓားကို အပ်နှံရန် စဉ်းစားမိ၏။ ထမင်းဆိုင်သို့ ပြန်ရန် မဖြစ်နိုင်တော့ပေ။

ထိုအခိုက်မှာ ပင် ကျောက်စာဝန်ဦးခင်မောင်နု၏ ရထားလုံးသည် ကျွန်းအိမ်မည်းကြီး၏ ခြံဝင်းထဲသို့ ဝင်ရောက် လာလေ၏။ အောင်လံက ဦးခင်မောင်နုကို စိတ်လှုပ်ရှားစွာဖြင့် ပြောဆိုရင်း ကျောက်စီဓားကို ထုတ်ပြလေရာ ၎င်းက

“ရှေးဟောင်းဓားတစ်လက်ပါလား၊ ဓားကို ရွှေချထားတာ မဟုတ်ဘူး ၊ ရွှေအစစ်ကွ၊ မင်းလက်ထဲကို ဒီဓားရောက်လာတာ ငါအံ့ဩတယ်ကွာ”

ဟု ရေရွတ်လေရာ အောင်လံက ဖြစ်ကြောင်းကုန်စင်ကို အစမှ အဆုံးတိုင် ပြန်လည် ပြောပြလေ၏။

သူ၏ စကားအဆုံးတွင် ဦးခင်မောင်နုက တဟားဟား ရယ်မောလိုက်ပြီး

“အောင်လံ…အောင်လံ… မင်းဘယ်ဆိုးလို့ လဲ၊ ရှေးဟောင်းပစ္စည်းတွေရဲ့ တန်ဖိုးကို နားလည်သားပဲ၊ မင်းလို လူငယ်လေးတစ်ယောက်က ရှေးဟောင်းပစ္စည်းကို လောဘသားတွေရဲ့ လက်ထဲကိုမရောက်အောင် ကာကွယ်ဖို့ ကြိုးစားတာ ချီးကျူးစရာပါပဲ”

ဟု ပြောလေ၏။ ၎င်း၏ စကားမဆုံးမီ ဦးခင်မောင်နု၏ အိမ်ထဲသို့

လူများ ဝင်ရောက် လာပြီး

"ချီးကျူးစရာကောင်းပေမယ့် ဒီကောင်လေးကြောင့် ကျုပ်တို့ လူစု အတော်လေး ဒုက္ခ ရောက်သွားတယ်"

ဟူသော အသံကိုကြားရ၍ လှည့်ကြည့်လိုက်ရာ လူဆိုးခေါင်းဆောင် လူကြီးနှင့် ၎င်း၏ အဖွဲ့သားများကိုတွေ့ရသဖြင့် အောင်လံသည် ထိတ် လန့်တုန်လှုပ်သွားလေ၏။ ကျောက်စာ ဝန်ဟောင်းဦးခင်မောင်နုကမူ လူဆိုးအဖွဲ့ကို တုန်လှုပ်မှုမရှိဘဲ တဟားဟားရယ်မော၍

"ဟားဟားဟား... ဒုက္ခရောက်တာကို စကားထဲ ထည့်မပြောပါနဲ့ မ င်းဒင်ရယ်၊ ကိုယ်နဲ့ မဆိုင်တဲ့ ရှေးဟောင်းကျောက်စီစာ တစ်လက်အတွ က် အသက်စွန့်ပြီး ကာကွယ်ဝံ့တဲ့ ကောင်လေးတစ်ယောက်ကို တွေ့ကြုံ ခွင့်ရတာ ဂုဏ်ယူစမ်းပါ"

ဟု ပြောလိုက်ရာ အောင်လံသည် ဦးခင်မောင်နု၏ မျက်နှာကို နားမ လည်ဟန်ဖြင့် ကြည့် လိုက်လေ၏။ ကျောက်စာဝန်ကြီးသည် လူဆိုးခေါ င်းဆောင်လူကြီးကို သိကျွမ်းနေပုံရ၏။

လူဆိုးခေါင်းဆောင်လူကြီးက ဦးထုပ်ကိုချွတ်၍ စားပွဲခုံပေါ်တွင် ထို င်လိုက်ပြီး

"လက်စသတ်တော့ ဒီကောင်လေးဟာ ခင်ဗျားရဲ့ သြဝါကို ခံယူထား တာကိုး၊ ဒါ့ကြောင့် ဒီလောက်ရဲစွမ်းသတ္တိရှိပြီး စွန့်ဝံ့နေတာဗျ၊ ဖြစ်နိုင်ရ င် ဒီကောင်လေးကို တပည့်တော်ချင်လိုက် တာဗျာ"

ဟု ပြောလေ၏။ ကျောက်စာဝန် ဦးခင်မောင်နုက ကျောက်စီစာကို လူဆိုးခေါင်းဆောင် လူကြီးလက်သို့ ကမ်းပေး၍

"ညောင်အုပ်မင်းသားရဲ့ ပတ္တမြားကျောက်စီစာကို ရအောင်ရှာနိုင်

တာ ချီးကျူးပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားကတော့ အရင်တုန်းက လိုပဲ လိုချင်တာတစ်ခုရှိရင် မရရအောင် ရှာဖွေတာပဲ မဟုတ်လား”

ဟု ပြောလေရာ အောင်လံသည် ကျောက်စာဝန်ကြီးကို နားမလည် ဟန်ဖြင့် ကြည့် လိုက်လေ၏။

ကျောက်စာဝန် ဦးခင်မောင်နုက ရယ်မော၍

“ဟား ဟား ဟား...တကယ်တော့ မင်းဒင်က လူဆိုး မဟုတ်ဘူး ကွ၊ လွန်ခဲ့တဲ့ ၃ နှစ်လောက်အထိ ငါနဲ့ အတူ ရှေးဟောင်းကျောက်စာ ဌာန မှာ အလုပ်လုပ်ခဲ့ဖူးတယ်၊ နောက်ပိုင်းတော့ သူ့ရဲ့ တဇွတ်ထိုး လုပ်ချင်စိတ်ကြောင့် ရှေးဟောင်းကျောက်စာဌာနက ထွက်ပြီး မြန်မာပြ ည်အနှံ့ ရှေးဟောင်းပစ္စည်းတွေကို စုဆောင်းနေတာကွ”

ဟု ပြောလေရာ အောင်လံက မျက်မှောင်ကြုတ်၍

“သူက ရှေးဟောင်းပစ္စည်းတွေကို လိုက်ရှာပြီး နိုင်ငံခြားကို ရောင်း စားတဲ့ လူလား”

ဟု မေးမြန်းလေ၏။ မင်းဒင်ဆိုသော လူကြီးက တဟားဟားရယ် မော၍ အောင်လံ၏ အနီးသို့ လျှောက် လာပြီး

“မဟုတ်ပါဘူးကွာ၊ ငါ့ဝါသနာကိုက ရှေးဟောင်းပစ္စည်းတွေကို ရှာ ဖွေစုဆောင်းတဲ့ ဝါသနာပါလို့ အတင်းအကျပ်လိုက်ရှာနေတာပါ၊ မင်းရဲ့ သတ္တိကိုတော့ ကြိုက်သွားပြီကွာ”

ဟု ပြောရင်း သူ၏ သားရေအိတ်ထဲသို့ လက်ဖြင့် နှိုက်လေ၏။ ထိုအ ခါ သူ၏ လက်ထဲသို့ တစ်ပေခွဲခန့်ရှိသော တုတ်ချောင်းလေးတစ်ချောင်း ပါလာ၏။ လူကြီးက တုတ်ချောင်း၏ ထိပ်နှစ်ဖက်မှ ကိုင်၍ ဆွဲထုတ်လို က်ရာ ချွင်ခနဲ အသံမြည်၍ ဓားတိုလေးနှစ်ချောင်း ထွက်လာသဖြင့်

အောင်လံက အံ့ဩသွားလေ၏။

လူကြီးက တုတ်ချောင်းနှစ်ချောင်းကို ဖိသွင်းလိုက်သောအခါ ဓားတိုလေးနှစ်ချောင်းပြန်ဖြစ်သွား၏။ ဦးမင်းဒင်ဆိုသော လူကြီးက

"မင်းရဲ့ သူရသတ္တိကို အမှတ်တရအနေနဲ့ တုတ်ဓားလေးကို လက်ဆောင်ပေးလိုက်တယ်"

ဟု ပြောလေရာ အောင်လံသည် ဓားတိုလေးနှစ်လက်ကို လွန်စွာသဘောကျနေသဖြင့် ဝမ်းသာအားရဖြစ်သွားလေ၏။ ထို့ကြောင့် ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍

"ကျေးဇူးတင်ပါတယ် ဦးလေး"

ဟု ပြော လိုက်လေ၏။ လူကြီးက ညောင်အုပ်မင်းသား၏ ပတ္တမြားကျောက်စီဓားကို မှန်ဘီလူးဖြင့် သေချာစွာကြည့်၍

"တကယ်တော့ ဒီဓားဟာ တို့ မြန်မာ မင်းညီမင်းသားတစ်ယောက်ရဲ့ ဓားကွ၊ ဒီဓားကို ဗြိတိသျှလက်ရောက်မှာ စိုးလို့ မြို့ဝန်ဦးသာအိုက သူနဲ့အတူ မြှုပ်နှံခဲ့တာပဲ၊ မြို့ဝန်ဦးသာအိုဟာ ညောင်အုပ်မင်းသားကို သစ္စာစောင့်သိတဲ့ ကျွန်ယုံကြီးကွ၊ ဒီဓားကို ဗြိတိသျှ လက်မရောက်အောင် ငါထိန်းသိမ်းထားရမယ်၊ ငါသွားမယ် ကောင်လေး နောင်တချိန်မှာ မင်းနဲ့ ငါ ပြန်တွေ့မယ်လို့ မျှော်လင့်ပါတယ် စွန့်လွှတ်စွန့်စားဝံ့တဲ့ ယောက်ျားတစ်ယောက်အနေနဲ့ ငါမြင်ချင်တယ်ကွာ"

ဟု ပြောရင်း ကျောက်စာဝန်ဦးခင်မောင်နုကို နှုတ်ဆက်၍ ရှေးဟောင်းပစ္စည်းများ နှင့် ပတ်သက်၍ လွန်စွာဝါသနာကြီးသောလူကြီးသည် ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

*